အကယ်၍ ကြီးလေးသော အပြစ်အကုသိုလ်များကို ရှောင်ကြဉ်ပါကဆွလာသ်ငါးကြိမ်သည်လည်းကောင်း၊ ဂျုမုအဟ်တစ်ကြိမ်မှနောက်ဂျုမုအဟ်သည်လည်းကောင်း၊ ရမဿွာန်တစ်လမှ

နောက်ရမဿွာန်သည်လည်းကောင်း ယင်းတို့၏ စပ်ကြား၌ရှိသောအကုသိုလ်များအား ပလပ်စေမည်ဖြစ်သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အကယ်၍
ကြီးလေးသော အပြစ်အကုသိုလ်များကို ရှောင်ကြဉ်ပါက ဆွလာသ်ငါးကြိမ်သည်လည်းကောင်း၊
ဂျုမုအဟ်တစ်ကြိမ်မှ နောက်ဂျုမုအဟ်သည်လည်းကောင်း၊ ရမဿွာန်တစ်လမှ
နောက်ရမဿွာန်သည်လည်းကောင်း ယင်းတို့၏ စပ်ကြား၌ရှိသော အကုသိုလ်များအား
ပလပ်စေမည်ဖြစ်သည်။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာ အကယ်၍ကြီးလေးသော အပြစ်အကုသိုလ်များကို ရှောင်ကြဉ်ခဲ့ပါက နေ့နှင့်ညတွင် ဆောက်တည်သည့်ဖရ်ဿ်ွ ဆွလာသ်ငါးကြိမ်သည်လည်းကောင်း၊ အပတ်စဉ်ဆောက်တည်သည့်ဂျုမုအဟ်ဆွလာသ်သည်လည်းကောင်း၊ နှစ်စဉ်စောင့်ထိန်းသည့် ရမဿွာန်လ၏ဆွိယာမ်ဥပုသ်သည်လည်းကောင်း ၎င်းတို့ကြား၌ ကျူးလွန်ခဲ့သော သေးငယ်သောအပြစ်အကုသိုလ်များကို ပလပ်စေမည်ဖြစ်သည်။ သို့သော် တရားမဝင်ကာမကျူးလွန်ခြင်း၊အရက်သောက်ခြင်းကဲ့သို့ ကြီးလေးသော အပြစ်အကုသိုလ်များသည် (သောင်ဗဟ်)အမှားဝန်ချတောင်းပန်မှုပြုမှသာလျှင် ပလပ်ခြင်းခံရမည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/3591